

-၄၂-

## စက်လှေကား (ESCALATOR) ၏ လှေကားထစ်များ

တစ်နေ့တွင် သင်္ချာပါမောက္ခကြီးနှင့် သူ့ဇနီးသည် စီးတီးမတ် တစ်ခု၏ စက်လှေကား ရင်းသို့ရောက်သွားသည်။ ပါမောက္ခကြီး၏ ဇနီးကပြော သည်။ "ရှင်ကသင်္ချာပါမောက္ခဖြစ်ပြီး ဈေးစာရင်းလုပ်တဲ့ဆီမှာလည်း အားကိုး မရဘူး။ ဈေးစာရင်း လုပ်တာက အသေးအဖွဲ့ ဖြစ်လို့ရှုပ်ပညာနဲ့ မတန်ဘူးလို့ ပြောတယ်။ ဒီတော့ ရှင့်ကို တစ်ခုမေးမယ်။ ဟောဒီစက်လှေကားမှာ အပေါ်ဆုံးက နေအောက်ဆုံးအထိ လှေကားထစ် ဘယ်နှထစ် ရှိသလဲ။ သင်္ချာပါမောက္ခကြီးက "စက်လှေကားက ရွေ့နေတာ ဆိုတော့ရေတွက်လို့ မရဘူး ကွာ " ဟုပြန်ပြောသည်။



ပါမောက္ခကြီးဇနီးက "အဲဒါကြောင့် ရှင့်ကို မေးတာပေါ့။ စက်လှေကားက ရပ်မနေပဲ သွားနေတော့ ရေတွက်လို့ မရတော့ အခြားနည်းနဲ့ တွက် မကြည့်နိုင်ဘူးလား" သင်္ချာပါမောက္ခကြီးက ခဏစဉ်းစားပြီး လှေကားထစ်များ သွားနေသည်ကို ကြည့်နေသည်။ သူ့စိတ်ထဲတွင် စဉ်းစားနေသည်။ အကယ်၍ လှေကား ထစ်တစ်ခုနဲ့ တစ်ခုကြား၊ ကြာတဲ့ အချိန်ကို သိမယ်၊ အောက်က အပေါ်ထိ အကွာအဝေး၊ နောက်ပြီး လှေကားထစ် တစ်ခုနဲ့ တစ်ခုကြား အကွာအဝေး ဒါတွေကို သိရင်တော့ ရနိုင်တယ်၊ သို့သော် ဒါတွေသိတော့မှ ဆိုရင်၊ သူ့ဇနီးက ပြောမှာဘဲ၊ ဒါတော့ ကလေး တောင်သိတယ်လို့။

ဒီတော့ သူသည်အကြံတစ်ခုပေါ်လာသည်၊ သူက ပြောလိုက်တယ်၊ "ဒီလိုလုပ်ကွာ ၊